# ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် ရခိုင်ပြည်နယ်ရှိ ငွေသားလွှဲပြောင်းပေးရေး အစီအစဉ် သုံးသပ်ချက်

ပြန်လည်သုံးသပ်မှု



## အစီရင်ခံစာ၊ အနှစ်ချုပ်

Key Aid Consulting မှ ရေးသားပြုစုသည်။ ဧပြီလ၊ ၂၀၂၂

### နောက်ခံ အကြောင်းအရာ

မြန်မာနိုင်ငံတွင် ငွေသား နှင့် ဘောက်ချာအထောက်အပံ့ (Cash and Voucher Assistance (CVA)) အသုံးပြုမှုသည် နာဂစ်မုန်တိုင်းအတွက် ပထမဆုံး CVA အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဖြင့် ၂၀၀၈ ခုနှစ်မှ စတင်ခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅.၆ သန်းတန်ဖိုးရှိ CVA ကို နိုင်ငံတစ်ဝှမ်းရှိ အဖွဲ့အစည်း ၆၃ ခုမှ လူတစ်သန်းကျော်သို့ ခွဲဝေပေးခဲ့သည်။ သို့သော်လည်း အစိုးရမှ CVA ကို လက်ခံခြင်းသည် အကောင်အထည်ဖော်မှု၏ အခြေနေနှင့် ကဏ္ဍအားလုံးတွင် တစ်ပုံစံတည်းမဟုတ်ပေ။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က အာဏာသိမ်းပြီး အစိုးရကို ဖြုတ်ချခဲ့သည်။ COVID-၁၉ နှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းမှုတို့၏ပေါင်းစပ်သက်ရောက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုအချိန်များကို ယခင်နှစ်များစွာသို့ နောက်ပြန်လှည့်စေခဲ့သည်။ စီးပွားရေးအကျပ်အတည်းများဖြစ်သည့် ငွေကြေးဖောင်းပွမှု၊ အမေရိကန်ဒေါ်လာ (USD)လဲလှယ်သောအခါ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှု၊ ငွေဖြစ်လွယ်မှု အကျပ်အတည်း(liquidity crisis)/ ဘဏ်ငွေစာရင်း နည်းပါးခြင်းနှင့် ဘဏ်များပိတ်ခြင်းတို့ ဖြစ်ပေါ်စေခဲ့သည်။

### ရည်ရွယ်ချက်များ

ထို့ကြောင့် ဤသုံးသပ်လေ့လာချက်သည် ရခိုင်ပြည်နယ်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့ရှိ အနာဂတ်ပဋိပက္ခတုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိစေရန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မတိုင်မီနှင့် နောက်ပိုင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများ၏ ယခင်နှင့် လက်ရှိ လူသားချင်းစာနာမှု CVA စီမံကိန်းများကို ဒီဇိုင်းဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့မှ ရရှိလာသော သင်ခန်းစာများကို သုံးစွဲရန် ရည်ရွယ်သည်။ ထို့ကြောင့် ဤသုံးသပ်ချက်သည် CVA နှင့် CVA သက်ဆိုင်သူများ၏ အသုံးပြုမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၏ အရည်အသွေးဆိုင်ရာစာရင်းများကို စုစည်းမှု၊ စီးပွားရေးအခြေအနေပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နည်းများ ၊ ဈေးကွက်လုပ်ဆောင်နိုင်စွမ်းနှင့် အကာအကွယ်အန္တရာယ်များ သတ်မှတ်ဖော်ထုတ်မှုကို လေ့လာရေးသားထားသည်။

### နည်းစနစ်

ဤသုံးသပ်ချက်သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ပြုလုပ်ခဲ့ပြီး အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များကို ရယူထားသော မူလ နှင့် နောက်ဆက်တွဲ ဒေတာရင်းမြစ်မျိုးစုံကို အားကိုးသည့် အရည်အသွေးဆိုင်ရာ ချဉ်းကပ်မှုကို အသုံးပြုခဲ့သည်။ သုတသေနအဖွဲ့သည် စုစုပေါင်း စာရွက်စာတမ်း ၅၆ ခုကို ပြန်လည်သုံးသပ် ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများလက်တွေ့လုပ်ဆောင်နေကြသူ ၃၉ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

# တွေ့ရှိချက်များ

## နှစ်စဉ် CVA ပမာဏ

- ရခိုင်ပြည်နယ်သည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁,၂၁၂,၆၅၁ ဖြင့် ၂၀၂၁ ခုနှစ် ငွေသားလွှဲပြောင်းမှု အစီအစဉ်တွင် အကြီးဆုံးပမာဏ အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်၊ အမေရိကန်ဒေါ်လာ ၆,၂၉၄,၇၁၂ နှင့် အမေရိကန်ဒေါ်လာ ၂၀,၇၁၄,၆၀၃ တို့နှင့်  နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ တိုးလာပါသည်။

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၀၂၀ ခုနှစ် CVA ပမာဏမှာ အမေရိကန်ဒေါ်လာ ၇,၂၆၁,၉၇၆ နှင့် အမေရိကန်ဒေါ်လာ ၁,၀၂၂,၄၃၂ အသီးသီးရှိသည်။ ၂၀၂၁ ခုနှစ်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပမာဏသည် အမေရိကန်ဒေါ်လာ ၈,၈၅၆,၅၆၅ နှင့် အမေရိကန်ဒေါ်လာ ၁,၄၂၀,၂၁၈ သို့ တိုးလာခဲ့သည်။

## CVA လုပ်ရှားဆောင်ရွက်သူများ

- ရခိုင်ပြည်နယ်တွင် WFP သည်၂၀၂၀ ခုနှစ်တွင် ၇၅% (အမေရိကန်ဒေါ်လာ ၁၅,၅၈၆,၁၂၄) နှင့် ၂၀၂၁ ခုနှစ်တွင် ၉၃% (အမေရိကန်ဒေါ်လာ ၁၉,၅၇၈,၄၄၉)ဖြင့် CVA ပမာဏ၏ လွှဲပြောင်းပေးသည့် အကြီးဆုံးဝေစု ဖြစ်သည်။ ထောက်ပံ့ကူညီမှု၏ ၃၄ ရာခိုင်နှုန်းကို နိုင်ငံတကာအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်/ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်များအဖြစ်ဆောင်ရွက်နေသည့် ပြည်တွင်းနှင့် နိုင်ငံအလိုက် အဖွဲ့အစည်းများမှ လက်ခံသူများထံ ဖြန့်ဝေခဲ့သည်။

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် WFP သည် အကြီးဆုံးနှင့် အတက်ကြွဆုံး ငွေသားဆိုင်ရာ အကောင်အထည်ဖော်သော အဖွဲ့အစည်းဖြစ်ပြီး  ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း လွှဲပြောင်းမှုပမာဏ၏ ၇၆% (အမေရိကန်ဒေါ်လာ ၇၇၈,၆၀၅) နှင့် ၅၉% (အမေရိကန်ဒေါ်လာ ၄,၂၈၇,၁၃၀) အသီးသီး ရှိခဲ့ကြသည်။ ၎င်းသည် ၂၀၂၁ ခုနှစ်တွင် အလားတူ လွှဲပြောင်းပေးနေဆဲဖြစ်ပြီး WFP သည် ကချင်ပြည်နယ်တွင် ၆၃% (အမေရိကန်ဒေါ်လာ ၅,၃၈၀,၆၈၃) နှင့် ၉၅% (အမေရိကန်ဒေါ်လာ ၁,၃၄၈,၃၆၉) ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်မှု/ပူးပေါင်းဆောင်ရွက်သည့်မိတ်ဖက်များအဖြစ်ဆောင်ရွက်နေသော ပြည်တွင်းနှင့် နိုင်ငံအလိုက် အဖွဲ့အစည်းများမှ လက်ခံသူများထံ ကချင်ပြည်နယ်တွင် CVA ၏ ၅၇ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄၂ ရာခိုင်နှုန်းကို ဖြန့်ဝေသည်။

## ကဏ္ဍ

- ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စားနပ်ရိက္ခာအတွက် CVA သည် ဤ သုံးသပ်အစီရင်ခံစာအထိ ၂၀၁၉ ခုနှစ်မှစ၍ အကြီးမားဆုံး CVA ပမာဏကို ကိုယ်စားပြုပါသည်။ ဤသည်မှာ WFP သည် ပြည်နယ်သုံးခုတွင် အကြီးဆုံး CVA လုပ်ရှားဆောင်ရွက်သူဖြစ်ခြင်းကြောင့်ဖြစ်သည်။

## ပေးပို့ခြင်း ယန္တရား

- ရခိုင်ပြည်နယ်တွင် အဓိကပေးပို့ခြင်းနည်းလမ်းမှာ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများမှတစ်ဆင့် တိုက်ရိုက်ငွေသား/ငွေသားများကို စာအိတ်ဖြင့် ပေးအပ်ခြင်းဖြစ်သည်။ ထိုသို့ပေးအပ်ခြင်းမှာ ၂၀၂၀ ခုနှစ်တွင် လွှဲပြောင်းမှု၏ ၈၉% နှင့် ၂၀၂၁ ခုနှစ်တွင် ၉၈% တို့ဖြစ်သည်။ ကချင်ပြည်နယ်တွင်လည်း အလားတူပင် တိုက်ရိုက်ငွေသား/ငွေသားများပါဝင်သည့် စာအိတ်   ဖြင့် ပေးအပ်ခြင်းမှာ ၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ခုနှစ် တွင် ၅၀% နှင့်  ၂၀၂၁တွင် ၇၂% ဖြစ်သည်။ အကောင်အထည်ဖော် ဆောင်ရွက်သူများသည် ၂၀၁၈ ခုနှစ်ကတည်းက မိုဘိုင်းလ်ပိုက်ဆံနှင့် အီလက်ထရောနစ် ဘောက်ချာများကို အသုံးပြုခဲ့သည်။ သို့သော်လည်း ငွေဖြစ်လွယ်မှုအကျပ်အတည်းကြောင့် ၎င်းကို ရပ်ဆိုင်းလိုက်သောကြောင့် ၂၀၂၀ ခုနှစ်တွင် လုပ်ဆောင်နိုင်မှု ၂၈% မှ ၂၀၂၁ ခုနှစ်တွင် ၀% သို့ ကျဆင်းသွားသည်။

-  ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အဓိကပေးပို့သည့် ယန္တရားမှာ စာအိတ်ဖြင့် တိုက်ရိုက်ငွေသား/ငွေသားများ ပေးအပ်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ၈၇ %၊ ၂၀၂၀ ခုနှစ်တွင် ၁၀၀% နှင့် ၂၀၂၁ ခုနှစ်တွင် ၉၈% တို့   ဖြစ်သည်


Supported by:
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## ပုံစံရွေးချယ်မှု

- ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်ပယ်သုံးရပ်လုံးတွင် COVID-၁၉ နှင့် စစ်တပ်မှ အာဏာသိမ်းယူမှုတို့ကြောင့် CVA အကောင်အထည်ဖော်ရန် စိတ်ဝင်စားမှု လျော့နည်းသွားခြင်းမရှိပေ။ ငွေသားလွှဲပြောင်းမှုသည် ဈေးကွက်များလည်ပတ်နေသရွေ့ ငွေသားကြောင့် ရရှိလာသည့် လွတ်လပ်မှုနှင့် ရယူသုံးစွဲနိုင်မှုတို့ကြောင့် ရပ်ရွာ၏ ဦးစားပေးပုံစံအဖြစ် ဆက်လက်တည်ရှိနေသည်။ အုပ်ချုပ်နေသော အစိုးရက ငွေသားလက်ခံမှုကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် စားနပ်ရိက္ခာအကူအညီရရှိမှုအတွက် အာမခံချက်ရှိသော်လည်း MPCAအတွက် ခွင့်ပြုချက်နှင့် အခြားကဏ္ဍများအတွက် ငွေသားသည် အဖွဲ့အစည်းများနှင့် တည်နေရာပေါ်မူတည်သည်။ တပ်မတော်က အာဏာသိမ်းပြီးကတည်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငွေသားလက်ခံရေးနှင့်ပတ်သက် ပြီး အတားအဆီးမရှိသေးပါ။
- ဈေးကွက်ရှုထောင့်မှကြည့်လျှင် CVA ဖြစ်နိုင်ခြေမှာ မပြောင်းလဲဘဲ ရှိနေသည်။ စစ်တပ်အာဏာသိမ်းမှုကြောင့် စစ်ဆေးရေးဂိတ် ပိုမိုများလာခြင်းနှင့် လမ်းပိတ်ဆို့မှုများကြောင့် ဈေးကွက်ရရှိမှု/ထောက်ပံ့မှုအပေါ် ယာယီသက်ရောက်မှုရှိခဲ့သော်လည်း အခြေခံလိုအပ်ချက်များအတွက် ကုန်စည်ရရှိမှုမှာ ထိခိုက်မှုမရှိပေ။ ဈေးကွက်များသည် အကြီးအကျယ် ခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့သည်။ သို့သော် ဟန်ချက်ညီမျှမှုသည် အထိခိုက်မခံဆဲဖြစ်သည်။ အကြွေး(credit) နှင့် ငွေသားစီးဆင်းမှုရရှိရန် ပြင်းထန်စွာ ကန့်သတ်ထားဆဲဖြစ်ပြီး သယ်ယူပို့ဆောင်ရေးမှာ ဈေးနှုန်းမြင့်မားပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ပြည်တွင်းထုတ် ဆန်စပါး ကဲ့သို့သော အဓိက ထောက်ပံ့ရေး ကွင်းဆက်များအတွက် ထုတ်လုပ်မှု ကျဆင်းခြင်းနှင့် ရေရှည်တွင် ပျက်စီးနိုင်ခြေရှိသည်။ ဆိုလိုသည်မှာ လုပ်ငန်းလည်ပတ်မှု ကန့်သတ်ချက်များနှင့် အခက်အခဲများသည် ငွေသားပုံစံနှင့်သာမက ကုန်ပစ္စည်းများဖြင့်ထောက်ပံ့သည့် အမျိုးအစားနှင့်လည်း သက်ဆိုင်သည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကုန်ပစ္စည်းများဖြင့်ထောက်ပံ့သည့် အကူအညီသည် နိုင်ငံ၏ဒေသအများစုတွင် ခရီးသွားလာခွင့် ခွင့်ပြုချက် (TA) ကို ရယူရန်လိုအပ်ပြီး CVA အတွက်ထက်ပင် ပိုမိုခက်ခဲနေသည်။ စိန်ခေါ်မှုများရှိနေသေးသော်လည်း၊ ငွေသားသည် အခြားပုံစံများနှင့် နှိုင်းယှဉ်ပါက ဖြစ်နိုင်ခြေအရှိဆုံးနှင့် ပိုမိုရိုးရှင်းသော ရွေးချယ်မှုဖြစ်နေဆဲဖြစ်သည်။

## ဒီဇိုင်းဆုံးဖြတ်ချက်များ- လွှဲပြောင်းတန်ဖိုး၊ အကြိမ်ရေ၊ ကြာချိန်

- ငွေကြေးဖောင်းပွမှုကြောင့် CVAကို မြန်မာကျပ်ငွေဖြင့် ရရှိသည့် အိမ်ထောင်စုများ၏ ဝယ်ယူမှုစွမ်းအားမှာ ဆုတ်ယုတ်သွားခဲ့သည်။
- ၂၀၂၁ ခုနှစ်ကတည်းက လွှဲပြောင်းမှုတန်ဖိုးများအတွက် အကိုးအကားအဖြစ် အနည်းဆုံးအသုံးစရိတ် ဈေးခြင်း (MEB) တည်ရှိသော်လည်း၊ ၎င်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများအကြားတွင် အသုံးပြုမှုမှာ တသမတ်တည်း မရှိချေ။ ထို့အပြင် ၎င်းကို လက်ရှိအခြေအနေနှင့်မကိုက်ညီသည့် ဆင်းရဲနွမ်းပါးမှုဒေတာအပေါ် အခြေခံ ပြုစုထားသည်။ အသုံးပြုနေသော MEB အပြင်၊ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများသည် WFP မှပြုလုပ်သော ရိက္ခာခြင်းတောင်း၏ လစဉ်ခွဲခြမ်းစိတ်ဖြာမှုကို အသုံးပြု၍ ၎င်းတို့၏ လွှဲပြောင်းတန်ဖိုးများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်သည်။
- လက်ခံသူများ၏ ဝယ်ယူမှုစွမ်းအားကို ထိန်းသိမ်းထားရန် အကျပ်အတည်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ လွှဲပြောင်းတန်ဖိုးကို ပြုပြင်ပြောင်းလဲနိုင်သည့်အပေါ် ကွဲလွဲနေသော အစီရင်ခံစာအချို့ရှိသည်။ ဘတ်ဂျက်ကန့်သတ်ချက်များကြောင့် အဖွဲ့အစည်းများ၏ ထက်ဝက်ခန့်သည် ၎င်းတို့၏ လွှဲပြောင်းတန်ဖိုးကို တိုးမြှင့်နိုင်ခြင်းမရှိခဲ့ပုံရသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility
CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY
Supported by:
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## ဖြန့်ချီရေးယန္တရားနှင့် FSP များ

- ငွေဖြစ်လွယ်မှုအကျပ်အတည်းသည် မြန်မာနိုင်ငံတွင် CVA အား အသုံးပြုရန် ဖြစ်နိုင်ချေကို စိန်ခေါ်လျက်ရှိသည်။ ဤအကျပ်အတည်း၏ ရလာဒ်အနေဖြင့် FSP များသည် ငွေသားအသုံးပြုခြင်းဖြင့်သာ ကန့်သတ်ထားသော ပတ်ဝန်းကျင်တွင် လည်ပတ်နိုင်ခြင်းမရှိသောကြောင့် CVA မိတ်ဖက်များဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အစပိုင်းတွင် ရပ်တန့်ခဲ့သည်။
- အကောင်အထည်ဖော်သူများအနေဖြင့် ငွေဖြစ်လွယ်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် FSP များ၏ လုပ်ရှားမှုများ ယာယီရပ်ဆိုင်းမှုများကြောင့် အသုံးပြုနိုင်သည့် တခုတည်းသော ဖြန့်ချီရေး ယန္တရားဖြစ်သည့် စာအိတ်များအတွင်း ငွေသားထည့်ပေးခြင်း ကိုသာ အသုံးပြုကြရသည်။
- ငွေဖြစ်လွယ်မှုအကျပ်အတည်းကြောင့် အခကြေး ငွေ ၃ မှ ၁၃% အထိ - Hundi ဝန်ဆောင်မှု ပေးသော ငွေထုတ်ဝန်ဆောင်မှုပေးသည့် ဈေးကွက်အတွင်း လုပ်ဆောင်သူအသစ်များပေါ်ပေါက်လာစေသည်။ စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတကာနှင့် နိုင်ငံတွင်းလုပ်ဆောင်သူအများစုသည် Hundi ဝန်ဆောင်မှုများကို အသုံးပြုခဲ့ကြသည်။ Hundi အသုံးပြုမှု၏ အသေးစိတ်များနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအကြား လျှို့ဝှက်ချက်များရှိ ပြီး ယေဘုယျအားဖြင့် ငွေဖြစ်လွယ်မှုအကျပ်အတည်းကို မည်ကဲ့သို့ စီမံခန့်ခွဲနေသည့်အပေါ် ပြောဆိုကြခြင်းဖြစ်သည်။ Hundi အသုံးပြုမှုသည် စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးချင်းစီ၏ အကျင့်စာရိတ္တ အပေါ်မူတည်၍ နိုင်ငံရေး သို့မဟုတ် လူမှုရေးဆိုင်ရာ အစီအစဉ်များမှ လွှမ်းမိုးနိုင်သောကြောင့် အန္တရာယ်တစ်ခုအနေဖြင့် ဖြစ်လာနိုင်သည်။

## ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ဆောင်ချက်များ

- ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များသည် စံသတ်မှတ်မှုများထက် အခြေအနေအပေါ် ပိုမို၍မူတည်သည်။
- စစ်တပ်အာဏာသိမ်းမှု၏ ရလာဒ်ကြောင့် အကျိုးခံစားခွင့်ရှိသူများနှင့် ထိတွေ့ဆက်သွယ်နိုင်မှု လျော့ကျခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ထိန်းချုပ်နိုင်မှုနှင့် ကြီးကြပ်နိုင်မှုအားများ လျော့နည်းသွားစေသည်။
- CVA အား အသုံးပြုခြင်းသည် ကုန်ပစ္စည်းများဖြင့်ထောက်ပံ့သည့် (in-kind) ထက်ပိုမို၍ သိုသိပ်မှုရှိခြင်းကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းနှင့် လက်ခံရရှိသူ နှစ်ဦးစလုံးအတွက် ဘေးကင်းလုံခြုံမှုကို တိုးမြင့်စေသည်။
- အချို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများသည် ၎င်းတို့၏ သီးခြားပစ်မှတ်အုပ်စုများအပေါ် မူတည်၍ ပေးပို့မှု ယန္တရားများကို ချိန်ညှိထားသည်။ ဥပမာ ကိုယ်ခန္ဓာမသန်စွမ်းသူများအား စာအိတ်များအတွင်းသို့ ငွေသားထည့်၍ နေအိမ်တစ်အိမ်ချင်း ပေးပို့ ခြင်းများ။
- လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းမှ ငွေသားအား စာအိတ်များတွင်ထည့်၍ တိုက်ရိုက်ဖြန့် ဝေသည့်ပုံစံအဖြစ် ပြောင်းလဲသွားခြင်းမှာ ပြင်ပအဖွဲ့အစည်းများ ပါဝင်ခြင်းမရှိတော့သောကြောင့် ကိုယ်ရေးကိုယ်တာ ဒေတာကာကွယ်ရေးနှင့် ဆက်စပ်သည့် အန္တရာယ်များကို လျှော့ချနိုင်သည်။
- ငွေညှစ်ခြင်း အန္တရာယ်ကိုလျော့ပါးစေရန်အတွက် Mercy Corps ကဲ့သို့သော လုပ်ဆောင်သူများသည် ဈေးရောင်းပွဲများ စီစဉ်ကျင်းပပေးခြင်းအားဖြင့် ဘောက်ချာရောင်းချသူများအား ငွေသားလက်ခံသူများနှင့် ပိုမိုနီးကပ်စေသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

တွေ့ရှိချက်များ

## ကူညီထောက်ပံ့မှုများအား ဒေသတွင်းနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်း (Localisation)

- ၂၀၁၈ ခုနှစ်မှစ၍ CVA အစီအစဉ်များ၏ ဒီဇိုင်းရေးဆွဲရာတွင် LNGO များအား ပိုမိုအသားပေးသော အခန်းကဏ္ဍကို ပေးဆောင်ရန် အလေးပေးဆောင်ရွက်မှုများ အားကောင်းလာခဲ့သည်။ ကိုဗစ်-၁၉ နှင့် စစ်တပ်မှ အာဏာသိမ်းခြင်းများ နှစ်ခုပေါင်းစပ်လိုက်ခြင်းသည် ဤပြောင်းလဲမှုကို အရှိန်မြင့်တက်စေခဲ့သည်။ သို့သော်လည်း ၎င်းသည် အခန်းကဏ္ဍများနှင့် တာဝန်များ ခွဲဝေမှုအပေါ် သိသိသာသာ ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပဲ နိုင်ငံတကာအဖွဲ့အစည်းများသည် အစိတ်အပိုင်း အများစုကို တာဝန်ယူနေဆဲဖြစ်သည်။
- ကချင်ပြည်နယ်တွင် အမျိုးမျိုးသော အင်တာဗျူးများအရ နည်းပညာပိုင်းဆိုင်ရာ CVA ကွာဟချက်များမရှိသော LNGO များ အများအပြားရှိနေသည်။ ဖြစ်နိုင်သည်မှာ CVA နှင့် လုပ်ဆောင်သူများအကြား ကြာရှည်စွာ ထိတွေ့ဆက်ဆံမှုကြောင့် ဖြစ်နိုင်သည်။ သေးငယ်သော LNGO များမှသာ CVA စွမ်းရည် မြှင့်တင်မှု သင်တန်းများ လိုအပ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ကွာဟချက်များသည် ပိုမိုအားကောင်းသည်ဟု သတင်းပေးသူများမှ ယူဆကြသည်။



*Design template: © Molly Webster*
*Photos: © HARP-F partner*

HARP-F Humanitarian Assistance and Resilience Programme Facility
CROWN AGENTS ACCELERATING SELF-SUFFICIENCY & PROSPERITY
Supported by: UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.